**နိုင်ငံတကာပဲဈေးကွက် သတင်း (၄.၈.၂၀၁၁)**

(၁) **မတ်ပဲ။** ပဲစက်ရုံများ၏ ဝယ်ယူမှုနည်းပါးနေဆဲဖြစ်သောကြောင့် ဈေးကွက်ထဲတွင် ဈေးနှုန်းကျဆင်းမည့် လက္ခဏာပြနေပါသည်။ PEC မှ မတ်ပဲတင်သွင်းရန်တင်ဒါခေါ်ပြီး ဖြစ်သော်လည်း နိုင်ငံတကာမတ်ပဲဈေးနှုန်းများမှာ သိသိသာသာ မြင့်တက်လာခြင်း မရှိသေး ကြောင်းသိရသည်။ ဩဂုတ်လ ၃ ရက်နေ့တွင် မြန်မာ မတ်ပဲ (FAQ အသစ်) တစ်ကွမ်တယ် ဈေးနှုန်းသည် မွန်ဘိုင်း ဈေးကွက်၌ ရူပီး ၃၆၂၅ (ကန်ဒေါ်လာ ၈၁၇) ဖြစ်ပြီး၊ မြန်မတ်ပဲ (FAQ) ဈေးနှုန်းသည် ဒေလီဈေးကွက်၌ ရူပီး ၃၆၅၀-၃၈၀၀ (ကန်ဒေါ်လာ ၈၂၂-၈၅၆)၊ ချန်နိုင်ဈေးကွက်၌ ရူပီး ၃၆၂၅ (ကန်ဒေါ်လာ ၈၁၇) ဖြစ်ကြောင်း သိရသည်။ မြန်မာမတ်ပဲ (SQ) ဈေးနှုန်းမှာ ချန်နိုင်ဈေးကွက်၌ ရူပီး ၄၁၂၅ (ကန်ဒေါ်လာ ၉၂၉) ဖြစ်သည်။ ကိုလ်ကတ္တားဈေးကွက်၌ မတ်ပဲ ( FAQ အသစ်) ဈေးနှုန်းမှာ ရူပီး ၃၅၇၅ (ကန်ဒေါ်လာ ၈၄၅) ဖြစ်ပြီး၊ ကန်ပါဈေးကွက်၌ ဒေစီမတ်ပဲဈေးနှုန်းမှာ ရူပီး ၃၇၅၀ ဖြစ်ပါ သည်။

(၂) **ပဲတီစိမ်း။** ပဲတီစိမ်းဈေးနှုန်းများသည် လက်ငင်းရောင်းဈေးကွက်များ၌ ဆက်လက်၍ အားနည်းနေပါသည်။ ပဲစက်ရုံများမှ ဝယ်ယူမှုအ လွန်နည်းပါးလျက်ရှိနေခြင်းသည် ပဲတီစိမ်းဈေးနှုန်းကို အားပျော့စေပါသည်။ ဩဂုတ်လ ၃ ရက်နေ့တွင် မွန်ဘိုင်ဈေးကွက်၌ တန်ဇန်နီးယားပဲတီစိမ်းအသစ် တစ်ကွမ်တယ်လျှင် ရူပီး ၃၉၀၀ (ကန်ဒေါ်လာ ၈၇၉)၊ ကင်ညာပဲတီစိမ်း တစ်ကွမ်တယ်လျှင် ရူပီး ၄၃၀၀ (ကန်ဒေါ်လာ ၉၆၉) ဖြင့်ရောင်းဝယ်ခဲ့ကြ သည်။ ဒေလီဈေးကွက်၌ ပဲတီစိမ်းဈေးနှုန်းမှာ ရူပီး ၃၅၀၀- ၃၇၀၀ (ကန်ဒေါ်လာ ၇၈၉-၈၃၄) ဖြစ်ကြောင်း သိရပါသည်။

(၃) **ပဲစင်းငုံ။** လက်ငင်းရောင်းဈေးကွက်များတွင် ပဲစင်းငုံဈေးနှုန်းအတက်အကျအမျိုးမျိုး ဖြစ်နေသည်။ ဝယ်လိုအားမှာလည်း ပြောက်တိပြောက် ကျားသာရှိနေဆဲဖြစ်သည်။ ရာသီဥတု အခြေအနေကောင်း၍ အထွက်တိုးနိုင်ခြင်း နှင့်ပြီးခဲ့သည့်သီးနှံရာသီမှ ကုန်လက်ကျန် များဖြင့် ရောင်းလိုအား လုံလုံလောက် လောက်ရှိနေခြင်းက ပဲစင်းငုံဈေးနှုန်းများကို အားပျော့ စေကြောင်းသိရသည်။ ဩဂုတ်လ ၃ ရက်နေ့တွင် မွန်ဘိုင်းဈေးကွက်၌ မြန်မာ ပဲစင်းငုံ (လီမွန်) တစ်ကွမ်တယ် ဈေးနှုန်းမှာ ရူပီး ၂၈၂၅-၂၈၇၅ (ကန်ဒေါ်လာ ၆၃၇-၆၄၈) ၊ မာလာဝီ ပဲစင်းငုံမှာ ဈေးနှုန်းမှာ ရူပီး ၂၄၇၅ (ကန်ဒေါ်လာ ၅၅၈) ၊ အရှုရှာပဲစင်းငုံဈေးနှုန်းမှာ ၂၆၅၀

(ကန်ဒေါ်လာ ၅၉၇) ဖြစ်ပြီး၊ ဒေလီဈေးကွက်၌ ပဲစင်းငုံ (MH Line) ဈေးနှုန်းမှာ ရူပီး ၃၁၄၀- ၃၁၅၀ (ကန်ဒေါ်လာ ၇၀၈-၇၁၀)၊ ချန်နိုင်ဈေးကွက်၌ လီမွန် ပဲစင်း ငုံဈေးနှုန်းမှာ ရူပီး ၂၈၀၀ (ကန်ဒေါ်လာ ၆၃၁) အသီးသီးဖြစ်ခဲ့ ကြောင်း သိရသည်။

(၄) **ကုလားပဲ။** လက်ငင်းရောင်းဈေးကွက်များ၌ ကုလားပဲဈေးနှုန်းများသည် အတက်အကျ အမျိုးမျိုးဖြစ်နေဆဲဖြစ်သည်။ ကုလားပဲဝယ်လိုအားမှာလည်း နည်းပါးနေဆဲဖြစ်သည်။ လာမည့်လများတွင်မူ ပွဲတော်ရာသီဖြစ်သောကြောင့် ဝယ်လိုအားမြင့်တက်လာမည်ဟု မျှော်လင့်ထားကြသည်။ ဩဂုတ်လ ၃ ရက်နေ့တွင် မွန်ဘိုင်းဈေးကွက်၌ ဩစတြေးလျ ကုလားပဲအသစ် တစ်ကွမ်တယ်လျှင် ရူပီး ၂၅၅၀-၂၇၀၀ (ကန်ဒေါ်လာ ၅၇၅-၆၀၈)၊ တန်ဇန်းနီးယားကုလားပဲ တစ်ကွမ်တယ်လျှင် ရူပီး ၂၆၀၀ (ကန်ဒေါ်လာ ၅၈၆) ဖြင့် ရောင်းဝယ်ခဲ့ကြသည်။ ဒေလီဈေးကွက်၌ကုလားပဲဈေးနှုန်းမှာ ရူပီး ၂၉၇၅- ၃၀၀၀ (ကန်ဒေါ်လာ ၆၇၀-၆၇၆) ဖြစ်ပြီး၊ ကန်ပါဈေးကွက်၌ ရူပီး၃၀၆၀ (ကန်ဒေါ်လာ ၆၈၉) ဖြစ်သည်။